# ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈)

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈) ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၅ ပါ 'နိုင်ငံတော်၏အရအသုံးစာရင်းများ' ဆိုသည့် စကားရပ်၏နောက်တွင် 'နှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ' ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

'၁၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏ အရအသုံးစာရင်းများစစ်ဆေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ စစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်တင်ပြခြင်းနှင့်ထူးခြားသော အခြေအနေကို အခါအားလျော်စွာတင်ပြခြင်း၊

(ခ) ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ-

(၁) နိုင်ငံတော်၏အရအသုံးစာရင်းများကို စစ်ဆေးခြင်း၊

(၂) အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(၃) အရအသုံးခန့်မှန်းခြေငွေစာရင်းပါ သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြုမှု ရှိ မရှိ စစ်ဆေးခြင်း။

(ဂ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံအင်အားတို့သည် ထမ်းဆောင်သည့်လုပ်ငန်းတာဝန်နှင့် လျော်ကန်မျှတမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဝန်ထမ်းများခန့်ထားဆောင်ရွက်ခြင်းသည် ခွင့်ပြုသည့် ဝန်ထမ်းအင်အားအတွင်း ရှိ မရှိ စစ်ဆေးခြင်း၊

(င) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေသည် မူလရည်ရွယ်ချက် သို့မဟုတ် ရည်မှန်းချက် ဖြစ်မြောက်စေမည့် အခြေအနေမျိုး ရှိ မရှိ စစ်ဆေးခြင်း၊

(စ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်နေပြည်တော်ကောင်စီတို့သည် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းအရ သတ်မှတ်ထားသည့် စာရင်းထားသိုပုံနည်းစနစ်နှင့်အညီ ကျင့်သုံးခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဆ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ စီမံကိန်းနှင့်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဇ) (၁) နိုင်ငံပိုင်ပစ္စည်း၊ သမဝါယမပိုင်ပစ္စည်းနှင့် အများပိုင်ပစ္စည်းများကို ရယူ ထိန်းသိမ်းအသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်မှု နှင့် ထိရောက်စွာ အသုံးပြုမှု ရှိ မရှိ စစ်ဆေးခြင်း၊

(၂) ပိုင်ရှင်မဲ့ပစ္စည်းများ၊ ဖမ်းဆီးသိမ်းယူထားသည့်ပစ္စည်းများ၊ ပြည်သူပိုင်အဖြစ် ကြေညာ၍ သိမ်းယူထားသည့်ပစ္စည်းများ၊ ပိုင်ရှင်က တရားဝင်စွန့်လွှတ် ထားသည့် ပစ္စည်းများကို ပြည်သူပိုင်ပစ္စည်းများအဖြစ် သက်ဆိုင်ရာတို့က တရားဝင် စာရင်းသွင်းခြင်း ရှိ မရှိ၊ ထိန်းသိမ်းခြင်း ရှိ မရှိ၊ စနစ်တကျ အသုံးပြုခြင်း ရှိ မရှိ၊ လိုအပ်သည့်ကိစ္စများတွင် စနစ်တကျ ထုခွဲရောင်းချ လွှဲပြောင်းပေးခြင်း ရှိ မရှိ စစ်ဆေးခြင်း။

(ဈ) ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍-

(၁) ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုစာရင်း များကို စစ်ဆေးခြင်း၊

(၂) ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုများ၏ အရေအတွက် နှင့် အဆင့်အတန်းစံနှုန်းများကို စစ်ဆေးခြင်း၊

(၃) စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စစ်ဆေးခြင်း၊

(၄) ကုန်ကျစရိတ်နှင့် အကျိုးသက်ရောက်မှုကို နှိုင်းယှဉ်၍ စစ်ဆေးခြင်း၊

(၅) အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းဖွဲ့စည်းလုပ်ကိုင်မှုတွင် ကြီးကြပ်ကွပ်ကဲမှု၊ လုပ်ငန်းပိုင်းဆိုင်ရာ ထိန်းကွပ်မှုများဖြင့် ဆောင်ရွက်မှု၊ စီးပွားရေး စွမ်းဆောင်ရည်တိုးတက်မှု၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အကျိုးသက်ရောက်မှု၊ လုပ်ငန်းစည်းစနစ်ကျမှု၊ ဝန်ထမ်းများ အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်မှု၊ ငွေကြေးနှင့်ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုနိုင်မှု စသည်တို့ကို စစ်ဆေးခြင်း။

(ည) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဖြစ်စေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော် ကောင်စီကဖြစ်စေ ယင်း၏လုပ်ငန်းတစ်ရပ်ရပ်အား စစ်ဆေးပေးရန် ညှိနှိုင်း လာပါက လိုအပ်သလို စစ်ဆေးပြီးနောက် တွေ့ရှိချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊

(ဋ) မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းတို့အား ကြီးကြပ်ခြင်းနှင့် လိုအပ်သောလမ်းညွှန်မှုများပေးခြင်း၊

(ဌ) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူတို့၏ တာဝန်၊ ကျင့်ဝတ်သိက္ခာ၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သတ်မှတ်ခြင်း နှင့်ကြီးကြပ်ခြင်း၊

(ဍ) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူတို့က စစ်ဆေးထားသည့် ပုဂ္ဂလိကလုပ်ငန်းများ၏ စာရင်းများတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများနှင့်စပ်လျဉ်း၍ လိုအပ်ပါက စစ်ဆေးခြင်း၊

(ဎ) စာရင်းစစ်ဆေးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသော လိုအပ်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း၊

(ဏ) မိမိ၏ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသည်နှင့်တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(တ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို စစ်ဆေးရန် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ် လာလျှင် စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြခြင်း၊

(ထ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊

预览已结束，完整报告链接和二维码如下：

https://www.yunbaogao.cn/report/index/report?reportId=10_752545